# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ရုပ်ရှင် လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ဥပဒေ။ •

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ စတင်အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ရုပ်ရှင်လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ ရုပ်ရှင်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ဆိုလိုသည်၊

(ခ) ''ရုပ်ရှင်'' ဆိုသည်မှာ၊ ရုပ်ရှင်၊ ရုပ်မြင်၊ ဓါတ်ပုံ၊ သို့မဟုတ် အခြားရုပ်မြင်သံကြား ပစ္စည်းများကိုဆိုလိုသည်။ ထိုစကားရပ်တွင်၊ ရုပ်ရှင်ကားများ၊ သို့မဟုတ် ရုပ်ရှင်ကားဆက်များ ပြသရန်ကိရိယာ တန်ဆာပလာတခုခုပါဝင်သည်။

(ဂ) ''ရုပ်ရှင်လုပ်ငန်း'' ဆိုသည်မှာ၊ ရုပ်ရှင်ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးနှင့်ရုံတင်ပြသရေးလုပ်ငန်းကိုဆိုလိုသည်။

(ဃ) ''ပြင်ပရုပ်ရှင်လုပ်ငန်း'' ဆိုသည်မှာ၊ စီးပွါးဖြစ်လုပ်သည့် ကိုယ်ပိုင်ရုပ်ရှင်လုပ်ငန်းကိုဆိုလိုသည်။

## အခန်း ၂။

### အဖွဲ့ ဖွဲ့စည်းပုံ။

၃။ ။(၁) အစိုးရသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ရုပ်ရှင်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်သည့်အဖွဲ့တခုကို ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ပိုင် ပစ္စည်းနှင့်ကြွေးမြီ တာဝန်အားလုံးကို၊ အဖွဲ့ကဆက်ခံရမည့်ပြင်၊ အဆိုပါ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့ကချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း၊ အဖွဲ့က ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၄။ ။အဖွဲ့တွင်၊ အစိုးရကခန့်ထားသည့် ဥက္ကဋ္ဌတဦးနှင့် ၈ ဦးထက်မပိုသော အခြားအဖွဲ့ဝင်များပါဝင်ရမည်။

၅။ ။(၁) အစိုးရသည်၊ အဖွဲ့ဝင်တဦးအား၊ ဒုတိယဥက္ကဋ္ဌအဖြစ်၎င်း၊ အခြားအဖွဲ့ဝင်တဦးအား၊ အုပ်ချုပ်ရေးမှူးအဖြစ်၎င်း၊ ခန့်ထားရမည်။ အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

(၂) အုပ်ချုပ်ရေးမှူး၏ လစာငွေသည်၊ အစိုးရကသတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း ၃။

### ဥက္ကဋ္ဌ၏ အာဏာနှင့်တာဝန်ဝတ်တရားများ။

၆။ ။ဥက္ကဋ္ဌသည်——

(က) ရုပ်ရှင် လုပ်ငန်းကိုကြီးကြပ် ထိန်းသိမ်းရမည်။ ထိုသို့ ကြီးကြပ်ထိန်းသိမ်းရာတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာနက ချမှတ်ပေးသောမူဝါဒအရ လိုက်နာဆောင်ရွက်စေရန် အဖွဲ့အား၊ ခေါင်းဆောင်မှုပေးရမည်။

(ခ) အဖွဲ့၏ ငွေစာရင်းများကို၊ အချိန်မရွေးတောင်းဆို စစ်ဆေးနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အတိုင်း အုပ်ချုပ်ရေးမှူးကလိုက်နာရမည်။

(ဂ) အဖွဲ့အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ မိမိကိုယ်တိုင် အစည်းအဝေး မတက်ရောက်နိုင်လျှင်၊ ဒုတိယဥက္ကဋ္ဌအား၊ မိမိ၏အာဏာများကိုသုံးစွဲစေလျက်၊ အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်စေနိုင်သည်။

(ဃ) အဖွဲ့၏သဘောတူညီချက်ဖြင့်၊ ရုပ်ရှင်လုပ်ငန်း အထမြောက်အောင် ဆောင်ရွက်ရန်၊ လိုအပ်သည့်ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ခန့်ထားနိုင်သည်၊ သို့မဟုတ် ထုတ်ပယ်နိုင်သည်။

(င) မိမိအား၊ အဖွဲ့ကလွှဲအပ်သောအခြားအာဏာနှင့်တာဝန် ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

## အခန်း ၄။

### အဖွဲ့၏အာဏာနှင့် တာဝန်ဝတ်တရားများ။

၇။ ။(၁) ဇာတ်ကားဆေးစိမ်ခန်း ပြုပြင်ထိန်းသိမ်းရေး၊ တိုးချဲ့တည်ဆောက်ရေး၊ စက်ကိရိယာများတိုးချဲ့တပ်ဆင်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွက်အကျိုးရှိစေမည့်

ရုပ်ရှင်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အခြားအစိုးရဌာနများနှင့် တရားဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့များအပြင်၊ ပြင်ပရုပ်ရှင်လုပ်ငန်းလုပ်ကိုင်နေသူများနှင့် အခြားအဖွဲ့များသို့ ရုပ်ရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ အခကြေးငွေဖြင့် ရုပ်ရှင်ထုတ်လုပ်ပေးခြင်း၊ စက်ကိရိယာပစ္စည်းနှင့်စတူဒီယိုငှါးရမ်းခြင်း၊ ရိုက်ကူးထုတ်လုပ်ပြီးသော ရုပ်ရှင်များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့သည်၊ အဖွဲ့၏တာဝန်ဝတ်တရားများဖြစ်စေရမည်။

(၂) အဖွဲ့သည်၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသော တာဝန်ဝတ်တရားများနှင့် ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုငင်း၊ ထိုတာဝန် ဝတ်တရားများ ဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်တော်မည်ဟု မိမိထင်မြင်သောကိစ္စများကိုငင်း၊ ဆောင်ရွက်ရမည်။ ဤပုဒ်မ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါကိစ္စများအပြင်၊ အထူးအားဖြင့်၊ အောက်ပါကိစ္စများကိုလည်း၊ အဖွဲ့က ဆောင်ရွက်ရမည်။

(က) အစိုးရ၏ အခြေခံရုပ်ရှင်လုပ်ငန်း တိုးတက်မှုစီမံကိန်းတခုခုနှင့်မဆန့်ကျင်သည့်ရုပ်ရှင်ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးတို့ကိုလုပ်ကိုင်ခြင်း၊ ရုပ်ရှင်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးကိုရှေးရှု၍၊ ရုပ်ရှင်လုပ်ငန်းတိုးချဲ့လုပ်ကိုင်မှုအားပေးခြင်းနှင့်စီမံကိန်းများရေးဆွဲခြင်းကိစ္စ။

(ခ) မော်ကွန်းတင် ဇာတ်ကားများ၊ ပညာပေးဇာတ်ကားများ၊ အစိုးရစီမံကိန်းများ ရှင်းလင်းဖေါ်သည့် ဇာတ်ကားများ၊ ပြည်သူတို့အား လမ်းညွှန်ပြသည့်ဇာတ်လမ်း ရုပ်ရှင်ကားများနှင့် အခြားဇာတ်ကားများကိုရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းကိစ္စ။

၈။ ။(၁) အဖွဲ့မှာ၊ မိမိ၏တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင်လိုအပ်သော၊ သို့မဟုတ် သင့်တော်သော မည်သည့်အလုပ်ကိစ္စကိုမဆို လုပ်ကိုင်ရန်အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါအာဏာတွင် အောက်ပါကိစ္စများဆောင်ရွက်ရန်၊ အထူးအားဖြင့်၊ အောက်ပါအာဏာများ ပါဝင်

(က) အဖွဲ့ဝင်တဦးဦးအား၊ သို့မဟုတ်အုပ်ချုပ်ရေးမှူးအား၊ သို့မဟုတ် အခြား ရာထမ်းမှုထမ်းများအား၊ အဖွဲ့၏အာဏာနှင့် တာဝန်ဝတ်တရားများကိုလွှဲအပ်ခြင်း။

(ခ) အဖွဲ့ဝင်နှစ်ဦး၊ သို့မဟုတ်နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များအပြင်၊ ပညာသည် (Technicians) များပါဝင်သည့် ကော်မီတီတို့ကို ခန့်ထား၍၊ ထိုကော်မီတီများအား၊ အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို လွှဲအပ်ခြင်း။

(ဂ) အောက်ပါကိစ္စအားလုံး၊ သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုခြင်း။

(၁) ရုပ်ရှင်လုပ်ငန်း စီမံဆောင်ရွက်ရာတွင်ငင်း၊ အဖွဲ့၏၊ သို့မဟုတ် ကော်မီတီများ၏ အစည်း အဝေး၌ လိုက်နာရန်ကျင့်ထုံး သတ်မှတ်ရေးကိစ္စ။

(၂) ပုဒ်မ ၇ အရ ဆောင်ရွက်ရာတွင် လိုက်နာရန် စည်းကမ်းချက်များ သတ်မှတ်ရေးကိစ္စ။

(၃) ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြားအမှုထမ်း စည်းကမ်းများကို အစိုးရ သဘောတူညီချက်ဖြင့် သတ်မှတ်ရေးကိစ္စ။ ထိုရာထမ်းမှုထမ်းများ၏ အာဏာနှင့်တာဝန် ဝတ်တရားများ သတ်မှတ်ရေးကိစ္စ။

(၄) အဖွဲ့ကိုယ်စား ပဋိညာဉ်စာချုပ်များနှင့် အခြားစာတမ်း အမှတ်အသားများ လက်မှတ်ရေးထိုးရေးကိစ္စ။

၉။ ။(၁) အဖွဲ့သည်၊မိမိ၏တာဝန်ဝတ်တရားများဆောင်ရွက်ရာတွင်၊အစိုးရကညွှန်ကြားသည့်မူအတိုင်းလိုက်နာရမည်။

(၂) အစိုးရသည်၊ မည်သည့်အခါမဆို၊ အဖွဲ့၏၊ သို့မဟုတ် ကော်မီတီ၏ အမှုတွဲများမှ ကောက်နုတ်ချက်များကိုငင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာစာရင်းများကိုငင်း၊ အဖွဲ့ကကြီးကြပ်အုပ်ချုပ်ရသည့်ကိစ္စနှင့်စပ်လျဉ်း၍ အစီရင်ခံစာများကိုငင်း၊ ရ-သုံးမှန်းခြေငွေစာရင်းများကိုငင်း၊မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာရမည်။

(၃) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်အသီးသီး ကုန်ဆုံးပြီးနောက်၊ ဆောလျင် မြန်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွက်၊ မိမိ၏ တာဝန်ဝတ်တရားများဆောင်ရွက်ခြင်းနှင့်ငင်း၊ မိမိလိုက်နာသည့်မူနှင့်ငင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ငင်း၊ စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာတင်သွင်းရမည်။

## အခန်း ၅။

### အုပ်ချုပ်ရေးမှူး၏ တာဝန်ဝတ်တရားများ။

၁၀။ ။အုပ်ချုပ်ရေးမှူးသည်၊ အောက်ပါတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပုဒ်မ ၇ တွင်ဖော်ပြထားသော တာဝန် ဝတ်တရားများနှင့်အညီ အဖွဲ့၏ရုပ်ရှင်လုပ်ငန်း တိုးတက်မှုအတွက် စီမံကိန်းများရေးဆွဲခြင်း။

(ခ) အဖွဲ့၏ သဘောတူညီချက်ရယူရန်အလို့ငှါ၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အဖွဲ့ကသတ်မှတ်သည့် နေ့ရက်တွင်အဖွဲ့သို့တင်ပြခြင်း။

(ဂ) အဖွဲ့ဆောင်ရွက်မည့်ရုပ်ရှင်လုပ်ငန်းအစီအစဉ်ကိုအဖွဲ့သို့တင်ပြခြင်း။

(ဃ) အဖွဲ့၏၊သို့မဟုတ်ကော်မီတီများ၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ခြင်း။ ထိုသို့ဆောင်ရွက်ရာ၌၊ ထိုဆုံးဖြတ်ချက်များ အတိုင်းဖြစ်မြောက်စေရန် လိုအပ်သောတာဝန်ဝတ်တရားများ၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုအဝဝကို ပြုလုပ်ဆောင်ရွက်၍၊ အဖွဲ့အကျိုးကို ထိရောက်စွာကာကွယ်နိုင်ရန် အတွက်၊ တရားဥပဒေအရ အာမခံရယူရေးများကို တာဝန်ယူဆောင်ရွက်ခြင်း။

(င) အဖွဲ့က၊ မိမိအားလွှဲအပ်သောတာဝန်ဝတ်တရားများကို၊ အဖွဲ့ကိုယ်စားဆောင်ရွက်ခြင်း။

(စ) ဤဥပဒေအရ ပြုသောနည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေနှင့် မဆန့်ကျင်စေဘဲ၊ မူရင်းလစာကျပ်နှစ်ရာထက် မပိုသောလစာရ ဝန်ထမ်းများအားခွင့်ပေးခြင်း။

(ဆ) မိမိလက်အောက်ရှိ ဝန်ထမ်းများနှင့်ပတ်သက်၍၊ သစ္စာစောင့်သိရိုသေမှု၊ သို့မဟုတ်စည်းကမ်း သေဝပ်မှုမရှိဟု သံသယဖြစ်ပါက၊ ဥက္ကဋ္ဌထံ၊ သို့မဟုတ် ဥက္ကဋ္ဌ၏ အာဏာအပ်နှင်းခြင်း ခံရသူထံသို့ တိုက်ရိုက်စာဖြင့်အစီရင်ခံခြင်း။

၁၁။ ။(၁) အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ ၂ နှစ်ဖြစ်ရမည်။ သို့ရာတွင်အစိုးရသည်၊ အဖွဲ့ဝင်တဦးဦးရာထူးထမ်းရွက်ခြင်းကို၊မည်သည့်အခါမဆို၊ရပ်စဲနိုင်သည်။

(၂) ရာထူးသက်တမ်းမကုန်ဆုံးမီ၊ အကြောင်းတခုခုကြောင့် အဖွဲ့ဝင်တဦး၏ ရာထူးနေရာလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင်၊ သင့်တော်သောပုဂ္ဂိုလ်တဦးကို၊ အစိုးရက၊ အဖွဲ့ဝင်သစ်အဖြစ်ဖြင့်ခန့်ထားရမည်။ ထိုအဖွဲ့ဝင်သစ်သည်၊ မိမိအား ခန့်ထားသည့်နေရာတွင်ထမ်းရွက်ခဲ့သောအဖွဲ့ဝင်ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်သည့်အချိန်အထိသာ၊ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၃) အစိုးရသည်၊ ရာထူးသက်တမ်းစေ့ ကုန်သောမည်သည့်အဖွဲ့ဝင်ကိုမဆို၊ ပြန်လည်ခန့်ထားနိုင်သည်။

(၄) အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များနှင့် ကော်မီတီဝင်များအား၊ အစိုးရ သတ်မှတ်သည့်အခန္နှင့် စရိတ်ကြေးငွေများပေးရမည်။

၁၂။ ။အဖွဲ့က ဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာ၌ ချွတ်ယွင်းချက်ရှိသည့်အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

## အခန်း ၆။

### ဘဏ္ဍာရေးကိစ္စရပ်များ။

၁၃။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်အသီးသီးမကုန်ဆုံးမီ၊ ထိုနှစ်နောက်လာမည့်ဘဏ္ဍာရေးနှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အခြားအစိုးရဌာနများနည်းတူတင်သွင်းရမည်။ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အခါအားလျော်စွာ၊ ထိုနည်းတူတင်သွင်းနိုင်သည်။

သို့ရာတွင်အဖွဲ့သည်၊ မိမိလုပ်ငန်းစတင်ဆောင်ရွက်သည့် ပဌမနှစ်နှင့်စပ်လျဉ်း၍၊ လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်မှ၊ ထိုဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ရက်ထိ ကာလ အပိုင်းအခြားအတွက် ရ-သုံးမှန်းခြေငွေစာရင်းကို၊ အခြား အစိုးရဌာနများ နည်းတူ လျင်မြန်နိုင်သမျှ လျင်မြန်စွာတင်သွင်းရမည်။

(၂) ဤပုဒ်မအရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထားသည့်ငွေထက်ပို၍ အဖွဲ့က အကုန် အကျမခံရ။

၁၄။ ။အဖွဲ့သည်၊ ဤဥပဒေအရ၊ ရုပ်ရှင်လုပ်ငန်းဆောင်ရွက်ရာ၌ မိမိရရှိသည့် ဝင်ငွေအားလုံးကို၊ အစိုးရငွေစာရင်းတွင် ရငွေအဖြစ်စာရင်းသွင်းရမည်။

၁၅။ ။အဖွဲ့သည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက၊ အခါအားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၆။ ။အဖွဲ့၏ နှစ်စဉ်အရှုံးအမြတ်ကို၊ အလွယ်တကူသိရှိနိုင်စေရန်၊ အဖွဲ့၏ ငွေစာရင်းများကို၊ ပုံစံဖြင့်သီးခြားပြစာရင်း (*Pro Forma* Accounts) အရ သီးခြား ထိန်းသိမ်းထားရှိရမည်။ ထိုပုံစံဖြင့်သီးခြားပြစာရင်းပုံစံများကို၊ အစိုးရ၏သဘောတူညီချက်ဖြင့်၊ စာရင်းစစ်ချုပ်က ပြဋ္ဌာန်းရမည်။

## အခန်း ၇။

### အထွေထွေ။

၁၇။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၁၈။ ။(၁) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့ အက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ဧယဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(၂) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေး အဖွဲ့ အက်ဥပဒေကိုရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေ အရဖွဲ့စည်းထားသော နိုင်ငံတော် ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့သည်၊ အဆိုပါ အက် ဥပဒေ အရ၊ မိမိအား ပေးအပ်ထားသည့် အာဏာနှင့် တာဝန် ဝတ္တရားများကို၊ ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့၏ ပဋ္ဌမအစည်းအဝေးကျင်းပသည့်နေ့ရက်တိုင်အောင်ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။